## စာရေးသူ၏ အမှာ

ပစ္စုပ္ပန်ခေတ် မြန်မာပြည် နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် ဗိုလ်ချုပ်အောင်ဆန်းထက် ပိုပြီးထင်ရှား အရေးပါသော ပုဂ္ဂိုလ်မရှိဟု ဆိုလျှင် လုံး၀ ယုံမှားဖွယ်မရှိသော အချက်တစ်ချက်ဟု ၀န်ခံကြရပေမည်။ အကြောင်းမှုကား ကိုယ့်မင်း ကိုယ့်ချင်း ဘ၀မှ ဗြိတိသျှ လက်အောက်ခံ ကိုလိုနီနိုင်ငံ ဖြစ်ခဲ့သော မြန်မာပြည် ရာဇ၀င်မှ ၁၂၄၇ ခုနှစ်၏ သည်ဘက်ပိုင်းတွင် မြန်မာ တိုင်းရင်းသား လူထုအတွက် အလွန် အလှမ်းဝေးသော ပန်းတိုင်တစ်ခု ဖြစ်သည့် လွတ်လပ်ရေး ဆုထူးကို တိုတောင်းလှသော အချိန်ကာလအတွင်း အောင်မြင်စွာ လှမ်းဆွတ်နိုင်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်း မည်သော ပုဂ္ဂိုလ်က လူထု၏ရှေ့မှ မားမားမတ်မတ် နေ၍ ရှုပ်ရှုပ်ချုံချုံ အသက်ပေး တိုက်ခိုက်ခဲ့သောကြောင့်ပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းကား မြန်မာ့လွတ်လပ်ရေး ဗိမာန်ကြီးကို မွမ်းမံ တည်ဆောက်ရာ၌ ဦးစီးခေါင်းဆောင်သည့် ဗိသုကာဆရာကြီး ဖြစ်ခဲ့သည်။

ယခုဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း လူ့မသမာတို့ လက်ချက်ဖြင့် ရေတိမ်နစ် ကျဆုံးခဲ့ရသည်မှာ ၈ နှစ် ကျော်သွားပေပြီ။ သူ သေသော်လည်း သူ၏ နာမည်၊ သူ၏ ကြိုးပမ်းမှု၊ သူ၏ လုပ်ငန်းစဉ်တို့ကား မသေဘဲ ထင်ရှားပေါ်လွင်စွာ ကျန်ရစ်နေ၏။



ဗိုလ်ချုပ်အောင်ဆန်းဟူသော အမည်နာမသည်ကား ရာဇ၀င်သမိုင်းတွင် မော်ကွန်းတင်ရအံ့သော အချက်အလက်တစ်ခု ဖြစ်လင့်ကစား ယနေ့တိုင်အောင် ဗိုလ်ချုပ်၏ ကိုယ်ရေးရာဇ၀င် အချက်အလက်တွေ ပြည့်ပြည့်စုံစုံ ပါ၀င်သည့် အတ္ထုပ္ပတ္တိစာအုပ်ဟူ၍ ပြောပလောက်အောင် ထွက်ပေါ်မလာသေးပေ။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းကား အမေရိကန် မျိုးချစ်ခေါင်းဆောင်ကြီး အေဘရာဟင်လင်ကွန်းကဲ့သို့ပင် နောင်လာနောက်သားတို့ အမြဲတစေ ကြည်ညို လေးစားပြီး သူ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို လေ့လာမှတ်သားရမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရာ ရှေ့လာမည့် ခေတ်များမှ စာပြုဆရာ သုတေသနရှာမှီးသည့် ပုဂ္ဂိုလ်များအဖို့ ဗိုလ်ချုပ်နှင့် ပတ်သက်၍ ရနိုင်သမျှ အချက်အလက် အကြောင်းအရာများကို စုဆောင်းပြီး အဆင်သင့် မှတ်တမ်းတင်ထားပေးရန်မှာ မျက်မှောက်ခေတ် ကျွန်ုပ်တို့တစ်တွေ၏ တာ၀န်တစ်ခုပင် ဖြစ်နေတော့သည်။

ကျွန်ုပ်မှာ မြန်မာ့တပ်မတော် ရဲဘော်ဟောင်းတစ်ဦးအနေနှင့် လည်းကောင်း၊ သူ၏ အပါးတော်မြဲ အတွင်း၀န်တစ်ဦးအနေဖြင့် လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းအား သူများထက် ပို၍ နီးကပ်စွာ လေ့လာအကဲခတ်ခွင့် ရခဲ့ပေရာ စာပေ ရေးသားခြင်းကိုလည်း ၀ါသနာပါသူတစ်ဦး ဖြစ်သည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ကိုယ်တွေ့ လေ့လာချက်နှင့် စုဆောင်းရှာဖွေရသမျှ အချက်အလက်များကို စုပေါင်းကာ ဤဗိုလ်ချုပ် အတ္ထုပ္ပတ္တိကို ကြိုးစား ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်လို ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိကို လူတစ်ဦး၊ တစ်ယောက်တည်းက ရေးသားရုံနှင့် ပြည့်စုံနိုင်မည် မဟုတ်သဖြင့် ကျွန်ုပ် ယခု ပြုစုတင်ဆက်သော စာအုပ်မှာလည်း ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ပေ။ သို့သော် နောင်လာလတ္တံ့သော ခေတ်အဆက်ဆက်မှ လူအများအတွက် ရာဇ၀င်သမိုင်းပြုစုသူ ပညာရှိတွေ၊ သုတေသနပြုဆရာတွေအဖို့ ဤစာအုပ်ငယ်သည် တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အပံ့ ဖြစ်စေသည် ဆိုလျှင်ပင် ကျွန်ုပ်အဖို့ ယခုစာအုပ် ပြုစုရေးသားရကျိုးနပ်ပြီ ဖြစ်ပါသတည်း။

ဗိုလ်ထွန်းလှ
(တက္ကသိုလ်နေ၀င်း)

ရန်ကုန်မြို့၊ ၁၉၅၅ ခု၊ ဇူလိုင်လ။

# မာတိကာ


♦ စာရေးသူ၏ အမှာ . . . . . . . . . . . ၇
၁။ မျိုးရိုးဇာတိ . . . . . . . . . . . ၉
၂။ ပညာသင်ကြားချိန် . . . . . . . . . . . ၁၄
၃။ အတွေးအခေါ်အမြင် . . . . . . . . . . . ၂၀
၄။ နိုင်ငံရေးဗီဇ . . . . . . . . . . . ၂၅
၅။ ခေါင်းဆောင်မှု၏အစ . . . . . . . . . . . ၂၉
၆။ ဗိုလ်ချုပ်ကို မွေးထုတ်သော တက္ကသိုလ်သပိတ်ကြီး . . . ၃၄
၇။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး . . . . . . . ၃၈
၈။ စစ်ကြိုခေတ် . . . . . . . . . . . ၄၄
၉။ အကောင်အထည်ဖြစ်လာသော အိပ်မက် . . . . . . ၄၉
၁၀။ စစ်သူကြီး ဗိုလ်ချုပ်အောင်ဆန်း . . . . . . . . ၅၅
၁၁။ ဖက်ဆစ်ဝါဒနှင့် ဗိုလ်ချုပ် . . . . . . . . . ၆၀
၁၂။ တော်လှန်ရေးသမား ဗိုလ်ချုပ်အောင်ဆန်း . . . . . . ၆၅
၁၃။ ဖ-ဆ-ပ-လ ခေါင်းဆောင် ဗိုလ်ချုပ် . . . . . . . ၆၉
၁၄။ ညီညွတ်ရေးဗိသုကာ . . . . . . . . . . . ၇၄
၁၅။ လွတ်လပ်ရေးအကြိုခေတ် . . . . . . . . . . ၇၉
၁၆။ ဗိုလ်ချုပ်၏ အိမ်ထောင်ရေးဘ၀ . . . . . . . . . ၈၆
၁၇။ လူကို လေ့လာခြင်း . . . . . . . . . . . ၉၃
၁၈။ အာရှခေါင်းဆောင် . . . . . . . . . . . ၁၀၁
၁၉။ မမေ့နိုင်သော ဇူလိုင်လ ၁၉ ရက် . . . . . . . . ၁၀၄
၂၀။ နိဂုံး . . . . . . . . . . . ၁၁၅
၂၁။ နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး . . . . . . ၁၁၉